ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

**THE UNION OF MYANMAR**
**THE STATE LAW AND ORDER RESTORATION COUNCIL**

# တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ
# ANIMAL HEALTH AND DEVELOPMENT LAW

၁၉၉၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
**25th November, 1993**

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

**THE UNION OF MYANMAR**

**THE STATE LAW AND ORDER RESTORATION COUNCIL**

# တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ

# ANIMAL HEALTH AND DEVELOPMENT LAW

၁၉၅၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
**25th November, 1993**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၇/၉၃)
၁၃၅၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည်ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) တိရစ္ဆာန် ဆိုသည်မှာ လူတို့မွေးမြူထားသော သို့မဟုတ် တစ်နည်းနည်း အသုံးပြုရန် လူတို့ ဖမ်းဆီးထားသော တိရစ္ဆာန်ကိုဆိုသည်။ ယင်းစကားရပ်တွင် ထိုတိရစ္ဆာန် တစ်မျိုးမျိုး၏ အထီးမျိုးရည်၊ အမမျိုးဥ သို့မဟုတ် သန္ဓေသားလောင်းလည်း ပါဝင်သည်၊

(ခ) တိရစ္ဆာန်ထွက်ပစ္စည်း ဆိုသည်မှာ တိရစ္ဆာန်မှထွက်ရှိသော နို့၊ ဥ သို့မဟုတ် တိရစ္ဆာန်၏ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ရပ်ရပ်ကို ဆိုသည်၊



**The State Law and Order Restoration Council**

**Animal Health and Development Law**

**(The State Law and Order Restoration Council Law No. 17/93)**

**The 12th Waxing Day of Tazaungmon, 1355 ME**

**( 25th November, 1993)**

The State Law and Order Restoration Council hereby enacts the following Law: —

## CHAPTER I

### Title and Definition

1. This Law shall be called the **Animal Health and Development Law.**

2. The following expressions contained in this Law shall have the meanings given hereunder: —

(a) ***Animal*** means domestic animal bred by man or captured for a certain purpose. This expression also includes the semen, ovum or embryo of the animal;

(b) ***Animal Product*** means milk, egg or any part of an animal;

(ဂ) တိရစ္ဆာန်အစာ ဆိုသည်မှာ တိရစ္ဆာန်အားကျွေးမွေးရန် သိပ္ပံနည်းကျဖော်စပ်၍ဖြစ်စေ၊ သမရိုးကျရောစပ်၍ဖြစ်စေ၊ ယင်းသို့ ဖော်စပ်ခြင်း၊ ရောစပ်ခြင်းမပြုဘဲဖြစ်စေ၊ စီးပွားရေးအလို့ငှာ ထုတ်လုပ်ရောင်းချသည့် အစားအစာကိုဆိုသည်၊

(ဃ) ကူးစက်ရောဂါ ဆိုသည်မှာ ကူးစက်ရောဂါဖြစ်သည်ဟု ဝန်ကြီးဌာနက ကြေညာထားသော တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ရောဂါတစ်မျိုးမျိုးကို ဆိုသည်၊

(င) ထောက်ခံချက်လက်မှတ် ဆိုသည်မှာ ဤဥပဒေပုဒ်မ ၈ အပိုဒ်ခွဲ (ခ) အရ ထုတ်ပေးထားသော လက်မှတ်ကို ဆိုသည်၊

(စ) ဝန်ကြီးဌာန ဆိုသည်မှာ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနကို ဆိုလိုသည်၊

(ဆ) ဝန်ကြီး ဆိုသည်မှာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာန ဝန်ကြီးကို ဆိုသည်၊

(ဇ) ဦးစီးဌာန ဆိုသည်မှာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ကို ဆိုလိုသည်၊

(ဈ) ညွှန်ကြားရေးမှူးချုပ် ဆိုသည်မှာ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်ရန်၊

(ခ) တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊



(c) ***Animal Feed*** means feed slod on a commerical scale for the purpose of feeding animals and which is scientifically prepared or conventionally mixed or without prepartaion or mixing;

(d) ***Infectius Disease*** means any animal disease notifed as a contagious disease by the Ministry;

(e) ***Recommendation Certificate*** means a certificate issued under section ***8*** sub-section (***b***) of this Law;

(f) ***Ministry*** means the Ministry for Livestock Breeding and Fisheries;

(g) ***Minister*** means the Minister for Livestock Breeding and Fisheries;

(h) ***Departement*** means the Livestock Breeding and Veterinary Department;

(i) ***Director General*** means the Director General of Livestock Breeding and Veterinary Department.

## CHAPTER II

## Objectives

3. The objectives of this Law are as follows:—

(a) to carry out animal health and development work;

(b) to promote livestock development;

(ဂ) တိရစ္ဆာန်များတွင် ကူးစက်ရောဂါ မဖြစ်ပွားစေရေး အတွက် ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားသည့်အခါ စနစ်တကျ ထိန်းချုပ်နိုင်ရန်၊

(ဃ) ပြည်ပမှတင်သွင်းသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက် ပစ္စည်း၊ တိရစ္ဆာန်အစာများကို စစ်ဆေးနိုင်ရန်၊

(င) ပြည်ပသို့တင်ပို့သည့်တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်အစာများနှင့် စပ်လျဉ်း၍ ထောက်ခံချက် လက်မှတ် ထုတ်ပေးနိုင်ရန်၊

(စ) တိရစ္ဆာန်များကို တမင် ညှဉ်းပန်းနှိပ်စက်ခြင်းမှ ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ပေးရန်။

## အခန်း (၃)

## တိရစ္ဆာန် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး

၄။ ဦးစီးဌာနသည် တိရစ္ဆာန် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်—

(က) တိရစ္ဆာန်မွေးမြူလိုသူများ ခေတ်မီနည်းစနစ်များဖြင့် မွေးမြူနိုင်ရေးအတွက် နည်းပညာ ဖြန့်ဖြူးပေးခြင်း၊

(ခ) မြန်မာနိုင်ငံနှင့် ကိုက်ညီသော တိရစ္ဆာန် မျိုးကောင်း မျိုးသန့်များ ပေါ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ဂ) တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ပြည်ပမှတင်သွင်းမှုကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ကူးစက်ရောဂါများကို ကြိုတင်ကာကွယ်နိုင်မည့် ကာကွယ်ဆေးများကို သုတေသနပြုခြင်း၊ ထုတ်လုပ်ခြင်း၊



(c) to prevent outbreak of contagious disease in animals and to control the outbreak systematically when it occurs;

(d) to inspect imported animal, animal product and animal feed;

(e) to issue recommendation certificate concerning animal, animal product and animal feed for export;

(f) to protect animals by law from being ill-treated.

## CHAPTER III

## Animal Health and Development

4. The Department shall for the purpose of animal health and development carry out the following functions: -

(a) disseminating technical knowhow to those desiring to rasie animal under modern technology;

(b) carrying out works for obtaining improved breed animals suitable for Myanmar;

(c) supervising importation of improved breed animals;

(d) carrying out research on vaccines that protect animals from contagious diseased and producing the vaccines;

(င) နိုင်ငံတော်အတွင်းရှိ သဘာဝပေါက်ပင်၊ သီးနှံများကို တိရစ္ဆာန်အစာအဖြစ် အသုံးချနိုင်ရေးအတွက် သုတေသန ပြုလုပ်ခြင်း၊

(စ) ပြင်ပမှ တင်သွင်းသည့် တိရစ္ဆာန်ထွက်ပစ္စည်းနှင့် တိရစ္ဆာန် အစာများ အရည်အသွေး ပြည့်မီခြင်း ရှိ မရှိ၊ ဘေး အန္တရာယ်ဖြစ်စေနိုင်သော ရောဂါပိုး သို့မဟုတ် အဆိပ် အတောက်ပါဝင်မှု ရှိ မရှိ စစ်ဆေးကြီးကြပ်ခြင်း။

## အခန်း (၄)

### ပြည်တွင်း၌ ရောင်းချသော တိရစ္ဆာန်အစာကို စစ်ဆေးခြင်း

၅။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ပြည်တွင်း၌ ရောင်းချသော တိရစ္ဆာန်အစာများကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးနိုင်သည်၊

(ခ) တိရစ္ဆာန်များကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်တိရစ္ဆာန် အစာများ ရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိပါက ဆက်လက်ရောင်းချခြင်း မပြုရန် တားမြစ်ပိတ်ပင်နိုင်သည်၊

(ဂ) တိရစ္ဆာန်အစာ ရောင်းချသူများစာရင်းကို ကောက်ယူ နိုင်သည်။

၆။ တိရစ္ဆာန်အစာရောင်းချသူသည် မိမိရောင်းချသည့် တိရစ္ဆာန် အစာနှင့် စပ်လျဉ်း၍ —

(က) ဦးစီးဌာန၏ စစ်ဆေးမှုကိုခံယူရမည်၊

(ခ) ဦးစီးဌာန၏ ဥပဒေနှင့်အညီ တားမြစ်ပိတ်ပင်ချက်ကို လိုက်နာရမည်။



(e) carrying out research on utilizing natural vegetaion, crops in the country for animal feed;

(f) inspecting of imported animal product and animal feed for standard quality, the presence of harmful pathogens or toxins.

## CHAPTER IV

### Inspection of animal feed for domestic sale

5. The Director General may: -

(a) inspect animal feed for domestic sale in the prescribed manner;

(b) prohibit further sale of animal feed if it is found that the animal feed for sale is harmful to animals;

(c) make a list of animal feed sellers.

6. A person who sells animal feed shall, in respect of the animal feed he sells:—

(a) submit for inspection by the Department;

(b) abide by the prohibiton made by the Department in accordance with the Law.

## အခန်း (၅)

## ပြည်ပသို့တင်ပို့သော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် တိရစ္ဆာန်အစာကို စစ်ဆေးခြင်း

၇။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ပြည်ပတင်ပို့သူသည် ထောက်ခံချက်လက်မှတ် ရယူလိုလျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၈။ ညွှန်ကြားရေးမှူးချုပ်သည် ထောက်ခံချက်လက်မှတ် လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍—

(က) တိရစ္ဆာန်တွင် ကူးစက်ရောဂါ ကင်းရှင်းခြင်း ရှိ မရှိကိုလည်းကောင်း၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာသည် အရည်အသွေးပြည့်မီခြင်း ရှိ မရှိနှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါပိုး သို့မဟုတ် အဆိပ်အတောက်ပါဝင်ခြင်း ရှိ မရှိကို လည်းကောင်း သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ စစ်ဆေးရမည်၊

(ခ) သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း စစ်ဆေးတွေ့ရှိရပါက ထောက်ခံချက်လက်မှတ် ထုတ်ပေးရမည်။

၉။ (က) ထောက်ခံချက်လက်မှတ် လျှောက်ထားသူသည် သတ်မှတ်ထားသည့် အခကြေးငွေများကို ပေးဆောင်ရမည်၊

(ခ) စစ်ဆေးခ၊ ထောက်ခံချက်လက်မှတ် ထုတ်ပေးခနှင့် အခြားစရိတ်ကြေးငွေများသည် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။



## CHAPTER V

## Inspection of Animal, Animal Product and Animal Feed for Exportation

7. A person exporting animal, animal product or animal feed may, on desring a recommendation certificate, apply to the Department in the prescribed manner.

8. The Director General shall, in respect of the application for recommendation certificate:—

(a) inspect in the prescribed manners, an animal if it is free from contagious disease, animal product or animal feed if it is of standard quality and free from harmful pathogens or toxins;

(b) issue recommendation certificate if it is found to be in confromity with the prescribed stipulations;

9. (a) The applicant for the recommendation certificate shall pay the prescribed fees;

(b) Examination fee, recommendation certificate fee and other expenses shall be as determined by the Director General.

## အခန်း (၆)

## ပြည်ပမှတင်သွင်းသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် တိရစ္ဆာန်အစာကို စစ်ဆေးခြင်း

၁၀။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် သို့မဟုတ် တိရစ္ဆာန်အစာကို ပြည်ပမှတင်သွင်းသူသည် ဦးစီးဌာန၏ စစ်ဆေးမှုကိုခံယူရမည်။

၁၁။ ဦးစီးဌာနသည် ပြည်ပမှတင်သွင်းသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို စစ်ဆေးနိုင်ရန် လိုအပ်သည့်နေရာဒေသများတွင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေး စခန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်သည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် ပြည်ပမှတင်သွင်းသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာနှင့် စပ်လျဉ်း၍—

(က) တိရစ္ဆာန်တွင်ကူးစက်ရောဂါ ကင်းရှင်းခြင်း ရှိ မရှိကိုလည်းကောင်း၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာသည် အရည်အသွေးပြည့်မီခြင်း ရှိ မရှိနှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါပိုး သို့မဟုတ် အဆိပ်အတောက် ပါဝင်ခြင်း ရှိ မရှိကို လည်းကောင်း သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ စစ်ဆေးရမည်၊

(ခ) တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိရပါက ပြည်တွင်းသို့ဆက်လက်သယ်ယူခြင်း မပြုရန် တားမြစ်ခြင်း၊ ယာယီထိန်းသိမ်းခြင်း၊ ပြန်လည်သယ်ယူသွားစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုနိုင်သည်၊

(ဂ) တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန် အစာသည် အရည်အသွေးပြည့်မီခြင်း မရှိကြောင်းကိုလည်းကောင်း၊



## CHAPTER VI

## Inspection of Imported Animal, Animal Product and Animal Feed

10. A person importing animal, animal product or animal feed shall submit to inspection by the Department.

11. The Department shall, with the approval of the Ministry establish Inspection Stations in required regions for inspection of imported animal, animal products or animal feed.

12. The Director General, in respect of the imported animal, animal product or animal feed:—

(a) shall inspect in the prescribed manner an animal if it is free from contagious disease, animal product or animal feed if it is of standard quality and free from harmful pathogens or toxins;

(b) may prohibit the animal from being transported into the country, may temporrily detain the animal, may allow retransportation or destruction if found to be infected with contagious disease;

(c) may prohibit the animal product or animal feed being transported into the country, may temporarily detain it, may allow retransportation or destruction, if, on

ဘေးအန္တရာယ် ဖြစ်စေနိုင်သော ရောဂါပိုး သို့မဟုတ် အဆိပ်အတောက် ပါဝင်နေကြောင်းကိုလည်းကောင်း စစ်ဆေးတွေ့ရှိရပါက ပြည်တွင်းသို့ဆက်လက် သယ်ယူခြင်း မပြုရန် တားမြစ်ခြင်း၊ ယာယီထိန်းသိမ်းခြင်း၊ ပြန်လည် သယ်ယူသွားစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုနိုင်သည်၊

(ဃ) ပုဒ်မခွဲ (က) အရ စစ်ဆေးရာ၌ တိရစ္ဆာန်တွင် ကူးစက် ရောဂါ ကင်းရှင်းကြောင်းကိုလည်းကောင်း၊ တိရစ္ဆာန် ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာသည် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါပိုး သို့မဟုတ် အဆိပ်အတောက်ကင်းရှင်းကြောင်း ကိုလည်းကောင်း စစ်ဆေးတွေ့ရှိရပါက ထောက်ခံချက် လက်မှတ် ထုတ်ပေးရမည်။

၁၃။ (က) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန် အစာကို ပြည်ပမှတင်သွင်းသူသည် သတ်မှတ်ထားသည့် အခကြေးငွေများကို ပေးဆောင်ရမည်၊

(ခ) စစ်ဆေးခ၊ ထောက်ခံချက်လက်မှတ် ထုတ်ပေးခနှင့် အခြားစရိတ် ကြေးငွေများသည် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)

## ကူးစက်ရောဂါ ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း

၁၄။ ဝန်ကြီးဌာနသည် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက် ရောဂါများကို အခါအားလျော်စွာ သတ်မှတ်ကြေညာရမည်။



inspection, it is found that it is not of the standard quality and if it contains harmful pathogens or toxins;

(d) shall issue recommendation certificate if, on inspection in accordance with clause (a), the animal is found to be free from conatgious disease, the animal prodcut or animal feed is found to be of standard quality and free from harmful pathogens or toxins.

13. (a) A person importing animal, animal product or animal feed shall pay the prescribed fees;

(b) Inspection fee, recommendation certificate fee and other expenses shall be as determined by the Dierctior General.

## CHAPTER VII

## Prevention and Control of Contagious Disease

14. The Ministry shall notify the contagious disease of animals from time to time.

၁၅။ ဦးစီးဌာနသည်—

(က) တိရစ္ဆာန်များတွင် ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် လိုအပ်သောကြိုတင်ကာကွယ်မှု အစီအမံများ ချမှတ်ဆောင်ရွက်ရမည်၊

(ခ) ကူးစက်ရောဂါဖြစ်ပွားသည့်ဒေသတွင် ရောဂါဖြစ်ပွားမှု ပပျောက်စေရန်နှင့် အခြားနေရာဒေသများသို့ ရောဂါကူးစက်ပျံ့နှံ့ခြင်း မရှိစေရန် စီစဉ်ဆောင်ရွက်ရမည်၊

(ဂ) ကူးစက်ရောဂါကင်းရှင်းဒေသကို သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ကြေညာရမည်၊

(ဃ) ကူးစက်ရောဂါကာကွယ်ရေး သို့မဟုတ် ထိန်းချုပ်ရေးအတွက် လိုအပ်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်ကို ထုတ်ပြန်နိုင်သည်။

၁၆။ တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူသည် တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း သိရှိရလျှင်သော်လည်းကောင်း သေဆုံးသောတိရစ္ဆာန်တွင် ကူးစက်ရောဂါလက္ခဏာ တွေ့ရှိရလျှင်သော်လည်းကောင်း ဦးစီးဌာန၏ မြို့နယ်သို့မဟုတ် ကျေးရွာအုပ်စုတာဝန်ခံဝန်ထမ်းတစ်ဦးဦးထံသို့ဖြစ်စေ၊ ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသည့် ပုဂ္ဂိုလ်ထံသို့ဖြစ်စေ အမြန်သတင်းပို့တိုင်ကြားရမည်။

၁၇။ တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးဦးသည် မိမိကုသသည့် တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း တွေ့ရှိရပါက နီးစပ်ရာ ဦးစီးဌာနဝန်ထမ်းတစ်ဦးဦးထံ အမြန်သတိပေး အကြောင်းကြားရမည်။

## အခန်း (၈)

## တိရစ္ဆာန်ကိုနှိပ်စက်ညှဉ်းပန်းခြင်းမှကာကွယ်ခြင်း

၁၈။ ညွှန်ကြားရေးမှူးချုပ်သည်—

(က) လူတို့က တိရစ္ဆာန်ကိုနှိပ်စက်ညှဉ်းပန်းခြင်း မပြု လုပ်ရန် ပညာပေးလုပ်ငန်းကို ဆောင်ရွက်ရမည်၊

(ခ) တိရစ္ဆာန်ဖြင့် သယ်ဆောင်နိုင်သည့် သို့မဟုတ် ဆွဲနိုင်သည့် အများဆုံးဝန်အလေးချိန်ကို တိရစ္ဆာန် အမျိုးအစားအလိုက် သတ်မှတ်နိုင်သည်၊



15. The Department:—

(a) shall lay down necessary preventive measures to the effect that no contagious disease occur in animals;

(b) shall make arrangement to eradicate the diesase in the contagious disease affected areas and to prevent spreading of disease to other regions;

(c) shall notify the Disease Fee Zone in accordance with the prescribed manners;

(d) may issue necessary order or directive for prevention or control of contagious disease.

16. The owner of an animal or a person who has in his possession an animal shall report promptly to the employee in charge of the Department of either a village tract or a township or a person designated for this purpose by the Ministry, if he knows the occurance of contagious disease in the animal or finds symptoms of contagious disease in the dead animal.

17. A veterinarian shall report promptly to the nearest employee of the Department if he finds that the animal he treats is suffering from contagious disease.

## CHAPTER VIII

## Prevention of Cruelty to Animal

18. The Director General: -

(a) shall carry out edcative measures to prevent man from wilfully ill-treating the animal;

(b) may prescribe the maximum weight of load to be carried by or load to be drawn by a certain species of animal;

(ဂ) တိရစ္ဆာန်များကို သယ်ဆောင်ခြင်း၊ ချည်နှောင်ခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်းနှင့် စပ်လျဉ်း၍ လိုက်နာသင့်သည့်နည်းလမ်းများကို အများပြည်သူတို့ သိရှိနိုင်ရန် ပညာပေးလုပ်ငန်းကို ဆောင်ရွက်ရမည်၊

(ဃ) နှိပ်စက်ညှဉ်းပန်းခံရသော တိရစ္ဆာန်များကို ဦးစီးဌာနက ဖွင့်လှစ်ထားသည့် တိရစ္ဆာန်ဆေးကုစခန်းတွင် ဆေးဝါးကုသပေးရန် စီမံဆောင်ရွက်ရမည်၊

(င) တိရစ္ဆာန်ဆေးကုစခန်းတွင် တိရစ္ဆာန်များအား ကုသပေးခြင်းနှင့် ကျွေးမွေးစောင့်ရှောက်ပေးခြင်း တို့အတွက် တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူက ကျခံရမည့် စရိတ်ကြေးငွေများကို သတ်မှတ်ရမည်။

## အခန်း (၉)

## အယူခံခြင်း

၁၉။ ဦးစီးဌာန၏ အရာရှိတစ်ဦးဦးက ဤဥပဒေအရ ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

၂၀။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၂၁။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။



(c) shall carry out educative measures regarding the methods to be observed by the public in respect of transporting, binding or keeping of animals;

(d) shall take measures for treatment of ill-treated animals at the Veterinary Centre estalbished by the Department;

(e) shall prescribe the expenses payable by the owner of an animal or a person who has an animal in his possesion for treatment, feeding and taking care of the animals at the Veterinary Centre.

## CHAPTER IX

## Appeals

19. A person dissatifed with the decison or order made under this Law by any officer of the Department may appeal to the Director General within 60 days of the receipt of such decision or order.

20. A person dissatifed with the decision or order made by the Director General may appeal to the Minister within 30 days of the receipt of such decision or order.

21. The decision of the Minister shall be final.

## အခန်း (၁၀)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၂။ တိရစ္ဆာန်အစာရောင်းချသူသည် အောက်ပါပြုလုပ်မှုတစ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်—

(က) ရောင်းချသည့်တိရစ္ဆာန်အစာကို ဦးစီးဌာန၏ စစ်ဆေးမှု ခံယူရန် ငြင်းဆန်ခြင်း၊

(ခ) ဆက်လက်ရောင်းချခြင်းမပြုလုပ်ရန် ဦးစီးဌာနက တားမြစ်ပိတ်ပင်ထားသည့် တိရစ္ဆာန်အစာကို ရောင်းချခြင်း။

၂၃။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ပြည်ပမှတင်သွင်းသူသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိ ဖြစ်စေ၊ ထောင်ဒဏ် ၆ လ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်—

(က) ပြည်ပမှတင်သွင်းသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ဦးစီးဌာန၏ စစ်ဆေးမှု ခံယူရန် ငြင်းဆန်ခြင်း၊

(ခ) ပြည်ပမှတင်သွင်းသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ဦးစီးဌာနက ထုတ်ပေး သော ထောက်ခံချက်လက်မှတ်မရရှိဘဲ ပြည်တွင်းသို့ ဆက်လက် သယ်ယူခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း။



## CAHPTER X

## Offences and Penalties

22. If a person who sells animal feed commits any of the follwing act, he shall on conviction be punishable with fine whcih may extend to kyats 5,000 or with imprisonment for a term which may extend to 6 months or with both :—

(a) refusing to submit for inspection by the Department of the animal feed for sale;

(b) selling animal feed prohibted by the Department from further sale.

23. If a person who imports animal, animal prodcut or animal feed commits any of the following acts, he shall on conviction be punishable with fine whcih may extend to kyats 5,000 or with imprisonment for a term which may extend to 6 months or with both: —

(a) refusing to submit for inspection by the Department of imported animal, animal product or animal feed;

(b) transporting into the country, distributing, selling of imported animal, animal product or animal feed without obtaining a recommendation certificate issued by the Department.

၂၄။ တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူသည် တိရစ္ဆာန်နှင့် ပတ်သက်၍ အောက်ပါအချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်—

(က) ကူးစက်ရောဂါကာကွယ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်း နှင့် စပ်လျဉ်း၍ ဦးစီးဌာနက ထုတ်ပြန်သည့်အမိန့် သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) ကူးစက်ရောဂါ ဖြစ်ပွားနေကြောင်း သိရှိလျက်နှင့် သက်ဆိုင်ရာသို့ သတင်းပေးတိုင်ကြားရန် ပျက်ကွက်ခြင်း၊

(ဂ) သေဆုံးသော တိရစ္ဆာန်တွင် ကူးစက်ရောဂါ လက္ခဏာ တွေ့ရှိလျက်နှင့် သက်ဆိုင်ရာသို့ သတင်းပေးတိုင်ကြားရန် ပျက်ကွက်ခြင်း။

၂၅။ မည်သူမဆို တိရစ္ဆာန်နှင့် ပတ်သက်၍ အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၁၀၀၀ အထိ ချမှတ်ရမည်—

(က) ရက်စက်ကြမ်းကြုပ်စွာ ခိုင်းစေခြင်း သို့မဟုတ် သတ်မှတ်ထားသော အလေးချိန်ထက် ပို၍တင်ဆောင်ခြင်း၊ ဆွဲယူစေခြင်း၊

(ခ) တမင်နှိပ်စက်ညှင်းပန်းခြင်း၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို မလိုအပ်ဘဲ ချို့တဲ့ စေခြင်း၊

(ဃ) တမင်အစာရေစာ မကျွေးဘဲ ထားခြင်း၊

(င) ရောဂါ သို့မဟုတ် ဒဏ်ရာရရှိနေပါလျက် ကုသ စောင့်ရှောက်မှု မပြုဘဲထားခြင်း၊

(စ) ကူးစက်ရောဂါစွဲကပ်နေပါလျက် သို့မဟုတ် ဒဏ်ရာရရှိ နေပါလျက် အများပြည်သူ သွားလာခွင့်ရှိသော နေရာသို့ လွှတ်ထားခြင်း။



24. If the owner of an animal or a person who has an animal in this possession fails to comply with any of the following acts, in respect of the animal, he shall, on conviction, be punishable with fine which may extend to kyats 5,000 or with imprisonment for a term up to six months or with both:—

(a) failing to comply with the order or directive issued by the Department regarding control of contagious disease;

(b) failing to report to the concerned knowingly of the outbreak of contagious disaese;

(c) failing to report to the concerned knowingly of the contagious diease symptoms in the dead animal.

25. Whoever commits any of the following acts in respect of the animal shall on convition be punishable with fine whcih may extend to kyats 1,000:—

(a) cauing to work cruelly or causing to carry or draw more than the prescribed weight;

(b) wilfully ill-treating;

(c) unnecesarily maiming;

(d) wilfully keeping it without food and water;

(e) neglecting to give proper treatment and care though being sick or wounded;

(f) letting to stray in public place though being suffering from contagious disease or wounded.

၂၆။ တရားရုံးသည် ပုဒ်မ ၂၂ သို့မဟုတ် ပုဒ်မ ၂၃ အရ ပြစ်မှုထင်ရှားစီရင်ရာတွင် သက်ဆိုင်ရာပြစ်မှုအတွက် သတ်မှတ်ထားသော ပြစ်ဒဏ်ကိုချမှတ်ရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သို့မဟုတ် ဖျက်စီးရန် အမိန့်ချမှတ်ရမည်။

## အခန်း (၁၁)

## အထွေထွေ

၂၇။ ဝန်ကြီးဌာနသည် ဤဥပဒေအရ ဆောင်ရွက်ရန်ရှိသည့် ပြည်ပသို့တင်ပို့သော သို့မဟုတ် ပြည်ပမှတင်သွင်းသော တိရစ္ဆာန်ထွက်ပစ္စည်းကိုဖြစ်စေ၊ တိရစ္ဆာန်အစာကိုဖြစ်စေ စစ်ဆေး၍ ထောက်ခံချက်လက်မှတ်ထုတ်ပေးခွင့်ကို သင့်လျော်သော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား လွှဲအပ်နိုင်သည်။

၂၈။ ဝန်ကြီးဌာနသည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဤဥပဒေအရ ပေးဆောင်ရန်ရှိသော စစ်ဆေးခ၊ ထောက်ခံချက်လက်မှတ်ထုတ်ပေးခနှင့် အခြားစရိတ်ကြေးငွေများကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

၂၉။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ပြည်ပမှ တင်သွင်းခွင့်လိုင်စင် သို့မဟုတ် ပါမစ်ထုတ်ပေးခွင့်ရှိသော အစိုးရဌာနသည် လိုင်စင် သို့မဟုတ် ပါမစ်ကို ထုတ်ပေးခြင်းမပြုမီ ဦးစီးဌာန၏ သဘောထားမှတ်ချက်ကို တောင်းခံရယူရမည်။

၃၀။ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအရ မိမိအားပေးအပ်ထားသော လုပ်ပိုင်ခွင့်များကို ဦးစီးဌာနမှ အရာရှိတစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။



26. The Court shall on coviction under section 22 or section 23, impose punishment as prescribed for the relevant offence and in addtion pass orders for confiscation or desruction of exhibtis in respect of whcih the offence has been committed.

## CHAPTER XI

## Miscellaneous

27. The Minstry may delegate the authority to inspect animal product or animal feed for exportation or importation and to issue recommendation certificate, which is to be performed under this Law, to any appropriate Government department or organization.

28. The Ministry may exempt Government department or any organization from payment of inspection fee, reommendation certificate fee and other expenses payable under this Law.

29. A Government department which has authority to issue import licence or permit for importation of animal, animal product or animal feed shall obtain the opinion of the Department prior to the issuance of such licence or permit.

30. The Director General may delegate the powers conferred on him under this Law to any officer of the Department.

၃၁။ ဤဥပဒေအရ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာ စစ်ဆေးသည့်လုပ်ငန်းကို ဆောင်ရွက်ရာတွင်—

(က) ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေးကို မထိခိုက်စေရန် ဆောင်ရွက်ရမည်၊

(ခ) စစ်ဆေးမှုကို နှောင့်နှေး ကြန့်ကြာခြင်း မရှိစေဘဲ ဆောင်ရွက်ရမည်။

၃၂။ ဦးစီးဌာနဝန်ထမ်းများက ဤဥပဒေအရ ပြစ်မှုများကို အရေးယူရာတွင် သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့က လိုအပ်သောအကူအညီများ ပေးရမည်။

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၄။ အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်—

(က) The Live-stock Importation Act, 1898 ၊

(ခ) The Glanders and Farcy Act, 1899 ၊

(ဂ) The Dourine Act, 1910 ၊

(ဃ) The Prevention of Cruelty to Animals Act, 1930 ၊

(င) The Animal Pests Act, 1939 ။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့



31. Inspection work on animal, animal product or animal feed under this Law shall be done:—

(a) wihout affecting the smooth and steady flow of trade;

(b) without delay in inspection.

32. The People's Police Force shall render necessary assistance when the personnel of the Department are taking action against offences under the Law.

33. For the purpose of carrying out the provisions of this Law:—

(a) the Ministry may, with the approval of the Government, issue rules and procedures as may be necessary;

(b) the Ministry or Department may issue such orders and directives as may be necessary.

34. The following Acts are herby repealed :—

(a) The Live-stock Importation Act, 1898;

(b) The Glanders and Farcy Act, 1899;

(c) The Dourine Act, 1910;

(d) The Prevention of Cruelty to Animals Act, 1930;

(e) The Animal Pests Act, 1939.

(Sd) Than Shwe

Senior General

Chairman

The State Law and Order Restoration Council